မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၉ ]** ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် ( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၄/ ၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council - NRSC) ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတော်အတွင်း ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာစေရန်နှင့် မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက် (၂၀၁၄-၂၀၂၀) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council - NRSC)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |

ဥက္ကဋ္ဌ

နေပြည်တော်ကောင်စီ

(စ) ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ဝန်ကြီးချုပ်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး — အဖွဲ့ဝင်

(ဋ) ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌ) ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဍ) ဒုတိယဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၁) — အဖွဲ့ဝင်

(ဎ) ဒုတိယဝန်ကြီး
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(တ) ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ထ) ဒုတိယဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဒ) ဒုတိယဝန်ကြီး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဓ) ဒုတိယရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး — အဖွဲ့ဝင်

(န) မြို့တော်ဝန်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ပ) မြို့တော်ဝန်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဖ) ဥက္ကဋ္ဌ
ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်
ဆောက်လုပ်ရေးဆိုင်ရာကော်မတီ (ပြည်သူ့လွှတ်တော်) — အဖွဲ့ဝင်

(ဗ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

(ဘ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(မ) ဒုတိယဝန်ကြီး အတွင်းရေးမှူး (၁)
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ယ) ရဲချုပ် အတွင်းရေးမှူး (၂)
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ရ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၂။ "အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ" ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကုန်းလမ်းပို့ဆောင်မှုအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်။

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် (၂၀၁၄-၂၀၂၀) တွင်ပါရှိသည့် လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်းများ၏ တာဝန်ရှိမှုများကို ဖော်ထုတ်သတ်မှတ်ပေးရန်။

(ဂ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုံလောက်သော ငွေကြေးရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရေး ဆောင်ရွက်ပေးရန်နှင့် ငွေကြေး သုံးစွဲမှုများကို စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်သွားရန်။

(ဃ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများအား အစီရင်ခံတင်ပြရန်။

(င) အများပြည်သူ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍအတွက်လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကဏ္ဍအတွက်လည်းကောင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် အဟန့်အတား ဖြစ်စေနိုင်ကြောင်း ပြည်သူတစ်ရပ်လုံးမှ သိရှိခံယူ၍ လေးစားလိုက်နာစေရေး ဆောင်ရွက်သွားရန်။

(စ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ပြည်တွင်း/ပြည်ပ စေတနာရှင် အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ၏ လှူဒါန်းငွေဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ဆောင်ရွက် သွားရန်။

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေရေးစီမံကိန်းများကို သတ်မှတ်ကာလ အတွင်း ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စောင့်ကြည့်စစ်ဆေးရန်နှင့် စီမံကိန်းများအား ခေတ်ကာလနှင့် ကိုက်ညီစေရန် ပြင်ဆင်ဆောင်ရွက်ခြင်းများအပေါ် ကြီးကြပ် ကွပ်ကဲသွားရန်။

(ဇ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာအထောက်အပံ့များ ရရှိစေရေး ဆောင်ရွက်သွားရန်။

(ဈ) ယာဉ်ကြောင့်ဖြစ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်သွားရန်။

(ည) ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေး ဆောင်ရွက်သွားရန်။

(ဋ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှုတိုးတက်လာစေရန် သုတေသနပြုခြင်းနှင့် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားရန်။

၃။ ကောင်စီသည် လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဆ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့်ဆက်နွယ်လျက်ရှိသော ပြည်တွင်း၊ ပြည်ပ လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်းဖြစ်သော အက်(ဖ်)အမ်အိုင် လေကြောင်းလီမိတက် (FMI Air Ltd) အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ပို့ဆောင်ရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

**စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီတွင် အဖွဲ့ဝင် ပြင်ဆင်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သော စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီတွင် အဖွဲ့ဝင် မြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစား ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**"အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခြင်းအမိန့်"**

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤအမိန့်ကို "အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခြင်းအမိန့်" ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများ (အိုဒီအက်စ်)** ဆိုသည်မှာ ကလိုရိုဖလူရိုကာဘွန် (စီအက်ဖ်စီ)၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဘွန် (အိပ်ချ်စီအက်ဖ်စီ)၊ ဟေလွန်၊ ဟိုက်ဒြိုဘရူမိုဖလူရို

ကာဘွန် (အိပ်ချ်ဘီအက်ဖ်စီ)၊ မီသိုင်းကလိုရိုဖောင်း၊ ကာဘွန်တက်ထရာကလိုရိုက်၊ မီသိုင်းဗရိုမိုက်နှင့် ဗရိုမိုကလိုရိုမီသိန်း (ဘီစီအမ်) အပါအဝင် ပြင်ဆင်ချက်များ ထည့်သွင်းပြီးဖြစ်သည့် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်တွင် ဖော်ပြထားသည့်အတိုင်း အိုဇုန်းမော်လီကျူးများနှင့် ဓာတ်ပြုစေနိုင်သည့် ဓာတုပစ္စည်းတစ်မျိုးတည်း သို့မဟုတ် အရောအနှောကို ဆိုသည်။

(ခ) **အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကိုဖြစ်စေ၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသောထုတ်ကုန်ကိုဖြစ်စေ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ရောင်းချခြင်းကိုလည်းကောင်း၊ မီးသတ်ဆေးဘူး၊ အေးခဲစက်၊ လေအေးပေးစက် သို့မဟုတ် အအေးပေးစက်များကို ဝန်ဆောင်မှုပေးခြင်းနှင့် ပြုပြင်ခြင်းတို့ အပါအဝင် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများကို အသုံးပြု၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကိုလည်းကောင်း ဆိုသည်။

(ဂ) **အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်**ဆိုသည်မှာ အအေးပေးပစ္စည်းအာရ် ၁၂ (စီအက်ဖ်စီ ၁၂) ပါဝင်သည့် ရေခဲသေတ္တာ၊ အအေးပေးပစ္စည်း အာရ် ၁၂ (စီအက်ဖ်စီ ၁၂) နှင့် အာရ် ၂၂ (အိပ်ချ်စီအက်ဖ်စီ ၂၂) တို့ကို အသုံးပြုရန် ထုတ်လုပ်ထားသည့် လျှပ်စစ်ပစ္စည်းများ၊ ဟေလွန် ၁၂၁၁၊ ၁၃၀၁ နှင့် ၂၄၀၂ တို့ ပါဝင်သည့် မီးသတ်ဆေးဘူးနှင့် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုရန် ထုတ်လုပ်ထားသော အခြားထုတ်ကုန်များကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ဆိုသည်။

(စ) **ပုံစံ**ဆိုသည်မှာ ဤအမိန့်တွင် ပူးတွဲပါရှိသောပုံစံကို ဆိုသည်။

## အခန်း (၂)
## အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခြင်း

### ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း

၃။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကိုဖြစ်စေ၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လိုအပ်သောထောက်ခံချက်ရရှိရန် ပြည်တွင်းသို့တင်သွင်းခြင်းအတွက် လျှောက်လွှာပုံစံ (၁) အတိုင်းလည်းကောင်း၊ ပြည်ပသို့တင်ပို့ခြင်းအတွက် လျှောက်လွှာပုံစံ (၂) အတိုင်းလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၄။ ဝန်ကြီးဌာနသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ထောက်ခံချက်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၅။ ဝန်ကြီးဌာနသည် ထောက်ခံချက်ထုတ်ပေးရန် ခွင့်ပြုပါက လျှောက်ထားသူအား ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် ပုံစံ (၃) ဖြင့်လည်းကောင်း၊ ပြည်ပသို့တင်ပို့ခြင်းအတွက် ပုံစံ (၄) ဖြင့်လည်းကောင်း ထောက်ခံချက် ထုတ်ပေးရမည်။

၆။ အပိုဒ် ၃ အရ လျှောက်ထားသူသည် အပိုဒ် ၅ အရ ဝန်ကြီးဌာနက ထုတ်ပေးသော ထောက်ခံချက်ကို ရရှိပြီးနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော ပြည်တွင်းသို့တင်သွင်းခွင့်

သို့မဟုတ် ပြည်ပသို့တင်ပို့ခွင့်လိုင်စင်ဖြစ်စေ၊ ပါမစ်ဖြစ်စေ ရယူပြီးမှသာ သက်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခြင်း ပြုရမည်။

၇။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကိုဖြစ်စေ၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း အပါအဝင် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများ အသုံးပြု၍ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မိမိလုပ်ငန်းကို မှတ်ပုံတင်ပေးရန် လျှောက်လွှာကို ပုံစံ (၅) အတိုင်း အချက်အလက် ပြည့်စုံစွာဖော်ပြပြီး ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနသို့ လျှောက်ထားရမည်။

၈။ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသောဦးစီးဌာနသည် အပိုဒ် ၇ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ကော်မရှင်၏အတည်ပြုချက်ဖြင့် မှတ်ပုံတင်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၉။ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနသည် -

(က) အပိုဒ် ၈ အရ မှတ်ပုံတင်ပေးရန် ဆုံးဖြတ်ပါက သက်ဆိုင်ရာလုပ်ငန်းအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်လက်မှတ် ပုံစံ (၆) ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်းအလိုက် ထုတ်ပေးခဲ့သည့် မှတ်ပုံတင်လက်မှတ်ရရှိသူများ၏ မှတ်ပုံတင် စာရင်းကို ပြုစုထားရှိရမည်။

(ဂ) အပိုဒ်ခွဲ (က) အရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို ရရှိသူများက မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာခြင်း သို့မဟုတ် သုံးစွဲခြင်း ရှိ မရှိ ကြီးကြပ်ရမည်။

၁၀။ ဝန်ကြီးဌာနသည် အပိုဒ် ၉၊ အပိုဒ်ခွဲ (က) အရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရရှိသူများအား အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းတစ်ရပ်ရပ်ကို ပြည်တွင်းသို့တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးရန် အတွက် ခွဲတမ်းသတ်မှတ်ပေးရမည်။

၁၁။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကိုဖြစ်စေ၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းပြုလုပ်သူ သည် မိမိ၏လုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်တွင်းသို့ အမှန်တကယ်တင်သွင်းမှု သို့မဟုတ် ပြည်ပသို့ အမှန်တကယ် တင်ပို့မှုအခြေအနေကို ဝန်ကြီးဌာနသို့ နှစ်စဉ် ဇန်နဝါရီလ ၃၁ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ စာရင်းဇယားများ ပူးတွဲ၍ အစီရင်ခံရမည်။

## အခြားစီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း

၁၂။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကိုဖြစ်စေ၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြု၍ ထုတ်လုပ်ထားသော ထုတ်ကုန်ကိုဖြစ်စေ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းကိုသော် လည်းကောင်း မီးသတ်ဆေးဘူး၊ အအေးခဲစက်၊ လေအေးပေးစက် သို့မဟုတ် အအေးပေးစက်များကို ဝန်ဆောင်မှုပေးခြင်းနှင့် ပြုပြင်ခြင်း အပါအဝင် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြု၍ အခြား စီးပွားရေးလုပ်ငန်းတစ်ခုခုကိုသော်လည်းကောင်း လုပ်ကိုင်သူသည် မိမိလုပ်ငန်းကို မှတ်ပုံတင်ပေးရန် ဝန်ကြီး ဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနသို့ ပုံစံ (၅) ဖြင့် လျှောက်ထားရမည်။

၁၃။ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနသည် အပိုဒ် ၁၂ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ကော်မရှင်၏ အတည်ပြုချက်ဖြင့် မှတ်ပုံ တင်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနသည် -

(က) အပိုဒ် ၁၃ အရ မှတ်ပုံတင်ပေးရန် ဆုံးဖြတ်ပါက သက်ဆိုင်ရာလုပ်ငန်းအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်လက်မှတ် ပုံစံ (၆) ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

( ခ ) သက်ဆိုင်ရာလုပ်ငန်းအလိုက် ထုတ်ပေးခဲ့သည့် မှတ်ပုံတင်လက်မှတ်ရရှိသူများ၏ မှတ်ပုံတင် စာရင်းကို ပြုစုထားရှိရမည်။

( ဂ ) အပိုဒ်ခွဲ (က) အရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို ရရှိသူများက မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာခြင်း သို့မဟုတ် သုံးစွဲခြင်း ရှိ မရှိ ကြီးကြပ်ရမည်။

## အခန်း (၃)
## အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများက လိုက်နာရမည့်တာဝန်များ

၁၅။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများသည် -

(က) မိမိတို့၏လုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဌာန သို့မဟုတ် အဖွဲ့အစည်း၏စစ်ဆေးမှုကို ခံယူရမည်။

( ခ ) မိမိတို့လုပ်ငန်းနှင့်စပ်ဆိုင်သည့် သတင်းအချက်အလက်များကို နှစ်အလိုက် လိုအပ်သောစာရင်း ဇယားများဖြင့် မှန်ကန်စွာပြုစုထားရှိပြီး သက်ဆိုင်ရာဌာနက တောင်းခံလာလျှင် ပြသအစစ်ဆေး ခံရမည်။

( ဂ ) အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်များကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ထုတ်လုပ်သူဖြစ်ပါက မိမိလုပ်ငန်း အတွက် ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်အမှတ်ကို အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများ ထည့်သွင်းထားသည့် သေတ္တာများ၌ ဖော်ပြရမည်။

(ဃ) ဤအမိန့်အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

( င ) ဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၄)
## တားမြစ်ချက်နှင့် အရေးယူခြင်း

၁၆။ မည်သူမျှ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနက ဤအမိန့်အရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၁၇။ မည်သူမျှ အသုံးပြုပြီးသည့် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ပြန်လည်အသုံးပြုခြင်း သို့မဟုတ် အခြားနည်းအသုံးပြုခြင်း မပြုရ။

၁၈။ မည်သူမျှ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများကို ဖျက်ဆီးရန် ဝန်ကြီးဌာနက သတ်မှတ် ထားသော နေရာမှအပ အခြားနေရာ၌ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီး စေသော ဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်များကို ဖျက်ဆီးခြင်းမပြုရ။

၁၉။ ဤအမိန့်ပါ လိုက်နာဆောင်ရွက်ရမည့် အချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၂ အရ အရေးယူခြင်းခံရမည်။ ထို့ပြင် အရေးယူခြင်းခံရသူသည် ဤအမိန့်အရ ထုတ်ပေးထားသော

မှတ်ပုံတင်လက်မှတ်ကို ရရှိသူဖြစ်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရလည်း ထိုသူအား သတိပေးခြင်း၊ ထိုသူ၏ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်။

## အခန်း (၅)

## အထွေထွေ

၂၀။ ဤအမိန့်အရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်ကို ရရှိသူသည် မိမိ၏လုပ်ငန်းအတွက် မှတ်ပုံတင်ထားရှိမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ မှန်ကန်ပြည့်စုံစေရန် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၁။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုသည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို ယင်း၏အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို သင့်လျော်မှန်ကန်စွာ အသုံးပြုခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက လိုအပ်သလို စစ်ဆေးသည့်အခါ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၂။ အသုံးပြုပြီးသည့် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို ပြန်လည်ပြုပြင်အသုံးပြုခြင်း သို့မဟုတ် အခြားနည်းအသုံးပြုခြင်း ပြုလုပ်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ရယူရမည်။

၂၃။ ဝန်ကြီးဌာနသည် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ဤအမိန့်အရ လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၄။ ဝန်ကြီးဌာနသည် ဤအမိန့်ကို ထိရောက်စွာအကောင်အထည်ဖော်ရေးအတွက် -

(က) သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) လိုအပ်ပါက ဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် အမျိုးသားအိုဇုန်းယူနစ်၏ အကြံပြုချက်ကို တောင်းခံနိုင်သည်။

၂၅။ ဤအမိန့်ပါ ထုတ်ပြန်ချက်များသည် သီးခြားတည်ရှိသည့် သို့မဟုတ် အရောအနှော၏အစိတ်အပိုင်းတစ်ရပ်အဖြစ် တည်ရှိသည့် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းအားလုံးအပြင် အသစ်ဖြစ်သည့် သို့မဟုတ် သုံးစွဲပြီးသည့် သို့မဟုတ် ပြန်လည်အသုံးချသည့် သို့မဟုတ် ပြန်လည်ရယူထားသည့် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းအားလုံးနှင့်လည်း သက်ဆိုင်စေရမည်။

(ပုံ) ဝင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။

ပုံစံ (၁)

သို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ရက်စွဲ၊

အကြောင်းအရာ။ **အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသောထုတ်ကုန်ကို ပြည်တွင်းသို့တင်သွင်းခြင်း အတွက် ထောက်ခံချက်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မ --------------၊ -------------- ကုမ္ပဏီ/အဖွဲ့အစည်းသည် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်များနှင့်စပ်လျဉ်း၍ ပြည်တွင်းသို့တင်သွင်းခြင်း ပြုလုပ်လိုပါသဖြင့် ထောက်ခံချက်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

(က) လျှောက်ထားသူ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၏ အမည် --------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ကုမ္ပဏီ၊ အဖွဲ့အစည်းမှတ်ပုံတင်အမှတ် --------------------------------------

(ဂ) လျှောက်ထားသူ၏ ဖခင်အမည် --------------------------------------

(ဃ) နေရပ်လိပ်စာ --------------------------------------

(င) လုပ်ငန်းတည်ရှိရာလိပ်စာ --------------------------------------

(စ) ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် --------------------------------------

(ဆ) အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်တင်သွင်းလိုသည့် ရည်ရွယ်ချက် --------------------------------------

(ဇ) တင်သွင်းမည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန် အမျိုးအမည်၊ အရေအတွက်နှင့် အရည်အသွေး --------------------------------------

(ဈ) တင်သွင်းမည့်နိုင်ငံ၏ အမည် --------------------------------------

၂။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်များကို ပြည်တွင်းသို့တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(လျှောက်ထားသူ)

အမည်၊

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

မှတ်ချက်။ ။ မလိုအပ်သည်များကို ဖျက်ရန်။

ပုံစံ (၂)

သို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ရက်စွဲ၊

အကြောင်းအရာ။ **အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသောထုတ်ကုန်ကို ပြည်ပသို့တင်ပို့ခြင်းအတွက် ထောက်ခံချက်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မ --------------၊ -------------- ကုမ္ပဏီ/အဖွဲ့အစည်းသည် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုပါသဖြင့် ထောက်ခံချက် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

(က) လျှောက်ထားသူ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၏ အမည် -------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ကုမ္ပဏီ၊ အဖွဲ့အစည်းမှတ်ပုံတင်အမှတ် -------------------------------------

(ဂ) လျှောက်ထားသူ၏ ဖခင်အမည် -------------------------------------

(ဃ) နေရပ်လိပ်စာ -------------------------------------

(င) လုပ်ငန်းတည်ရှိရာလိပ်စာ -------------------------------------

(စ) ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် -------------------------------------

(ဆ) အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်တင်သွင်းလိုသည့် ရည်ရွယ်ချက် -------------------------------------

(ဇ) တင်ပို့မည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန် အမျိုးအမည်၊ အရေအတွက်နှင့် အရည်အသွေး --------------------------------------

(ဈ) တင်ပို့မည့်နိုင်ငံ၏ အမည် --------------------------------------

၂။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက် ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(လျှောက်ထားသူ)

အမည်၊

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

မှတ်ချက်။ ။ မလိုအပ်သည်များကို ဖျက်ရန်။

ပုံစံ (၃)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသောထုတ်ကုန်ကို ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် လျှောက်ခံချက်**

(အပိုဒ် ၅)

စာအမှတ်၊

ရက်စွဲ၊

ဝန်ကြီးဌာနသည် အောက်ပါလျှောက်ထားသူအား အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကို ပြည်တွင်းသို့ တင်သွင်းခွင့်ပြုပါရန် ထောက်ခံပါသည်။

(က) အမည်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၏အမည် -------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
ကုမ္ပဏီ၊ အဖွဲ့အစည်းမှတ်ပုံတင်အမှတ် -------------------------------------

(ဂ) နေရပ်လိပ်စာ -------------------------------------

(ဃ) လုပ်ငန်းတည်ရှိရာလိပ်စာ -------------------------------------

(င) ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် -------------------------------------

(စ) တင်သွင်းမည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းအသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန် -------------------------------------
အမျိုးအမည်၊ အရေအတွက်နှင့် အရည်အသွေး

(ဆ) တင်သွင်းမည့်နိုင်ငံ၏ အမည် -------------------------------------

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပုံစံ (၄)

**အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသောထုတ်ကုန်ကို ပြည်ပသို့ တင်ပို့ခြင်းအတွက် ထောက်ခံချက်**

(အပိုဒ် ၅)

စာအမှတ်၊

ရက်စွဲ၊

ဝန်ကြီးဌာနသည် အောက်ပါလျှောက်ထားသူအား အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကို ပြည်ပသို့ တင်ပို့ခွင့်ပြုပါရန် ထောက်ခံပါသည်။

(က) အမည်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၏အမည် --------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
ကုမ္ပဏီ၊ အဖွဲ့အစည်းမှတ်ပုံတင်အမှတ် --------------------------------------

(ဂ) နေရပ်လိပ်စာ --------------------------------------

(ဃ) လုပ်ငန်းတည်ရှိရာလိပ်စာ --------------------------------------

(င) ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် --------------------------------------

(စ) တင်ပို့မည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းအသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန် အမျိုးအမည်၊ အရေအတွက်နှင့် အရည်အသွေး --------------------------------------

(ဆ) တင်ပို့မည့်နိုင်ငံ၏ အမည် --------------------------------------

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပုံစံ (၅)

သို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ရက်စွဲ၊

အကြောင်းအရာ။ **အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းလုပ်ငန်းအတွက် မှတ်ပုံတင်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မ --------------၊ -------------- ကုမ္ပဏီ/အဖွဲ့အစည်းသည် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကိုဖြစ်စေ၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် မီးသတ်ဆေးဘူး၊ အေးခဲစက်၊ လေအေးပေးစက် သို့မဟုတ် အအေးပေးစက်များကို ဝန်ဆောင်မှုပေးခြင်းနှင့် ပြုပြင်ခြင်း အပါအဝင် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြု၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းအတွက် မှတ်ပုံတင်ပေးပါရန် လျှောက်ထားအပ်ပါသည် -

(က) လျှောက်ထားသူ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၏ အမည် -------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ကုမ္ပဏီ၊ အဖွဲ့အစည်းမှတ်ပုံတင်အမှတ် -------------------------------------

(ဂ) လျှောက်ထားသူ၏ ဖခင်အမည် -------------------------------------

(ဃ) နေရပ်လိပ်စာ -------------------------------------

(င) လုပ်ငန်းတည်ရှိရာလိပ်စာ -------------------------------------

(စ) ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် -------------------------------------

၂။ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားသောလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(လျှောက်ထားသူ)

အမည်၊

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

မှတ်ချက်။ ။ မလိုအပ်သည်များကို ဖျက်ရန်။

ပုံစံ (၆)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းဆိုင်ရာလုပ်ငန်းအတွက် မှတ်ပုံတင်လက်မှတ်**

(အပိုဒ် ၉ နှင့် ၁၃)

ရက်စွဲ၊

----------------------------------- ဌာန၊ အဖွဲ့အစည်းသည် အောက်ပါ လျှောက်ထားသူအား အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကိုဖြစ်စေ၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် မီးသတ်ဆေးဘူး၊ အေးခဲစက်၊ လေအေးပေးစက် သို့မဟုတ် အအေးပေး စက်များကို ဝန်ဆောင်မှုပေးခြင်းနှင့် ပြုပြင်ခြင်း အပါအဝင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းကို အသုံးပြု၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းအတွက် မှတ်ပုံတင်အမှတ် ---------------- ဖြင့် ခွင့်ပြုလိုက်သည် -

(က) အမည်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၏အမည် -------------------------------------
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
ကုမ္ပဏီ၊ အဖွဲ့အစည်းမှတ်ပုံတင်အမှတ် -------------------------------------
(ဂ) လျှောက်ထားသူ၏ ဖခင်အမည် -------------------------------------
(ဃ) နေရပ်လိပ်စာ -------------------------------------
(င) လုပ်ငန်းတည်ရှိရာလိပ်စာ -------------------------------------
(စ) ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် -------------------------------------

--------------------------------- ဌာန၊ အဖွဲ့အစည်း

မှတ်ချက်။ ။ မလိုအပ်သည်များကို ဖျက်ရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

**မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် လုပ်ငန်းဌာနများ၏ အလုပ်သမားဦးရေ၊ လုပ်ငန်းဌာနများ၊ အလုပ်သမားများနှင့် မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းဌာနများနှင့် အလုပ်သမားများအား သတ်မှတ်ကြေညာခြင်း**

၁။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁ (က) နှင့် နည်းဥပဒေ ၄၀ (က) တို့အရ အလုပ်သမား ငါးဦးနှင့်အထက် အလုပ်လုပ်ကိုင်သော အောက်ပါလုပ်ငန်းဌာနများကို မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် လုပ်ငန်းဌာနများဟု သတ်မှတ်လိုက်သည် -

(က) စက်အား သို့မဟုတ် စွမ်းအားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သော စက်မှုလက်မှုအလုပ်ဌာနများ၊ ပစ္စည်းထုတ်လုပ်မှု၊ ပြုပြင်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ သို့မဟုတ် အင်ဂျင်နီယာလုပ်ငန်း လုပ်ကိုင်သောလုပ်ငန်းများ၊ အလုပ်ရုံများ၊ သိုလှောင်ရုံများ၊ ဌာနများ၊

(ခ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့အစည်းများ၊

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊

(င) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းများနှင့် ယင်းတို့၏လက်အောက်ခံ လုပ်ငန်းဌာနများနှင့် ရုံးခွဲများ၊

(စ) ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများ၊ အများပြည်သူဖျော်ဖြေရေးအလုပ်ဌာနများ၊

(ဆ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းပိုင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ယင်းဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ယင်းဌာန၊ အဖွဲ့အစည်းနှင့် ဖက်စပ်ဖြစ်စေ စီးပွားရေးအရလုပ်ကိုင်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊

(ဇ) အလုပ်ခန့်ထားမှုသဘောတူညီချက်ဖြင့် တစ်နှစ်နှင့်အထက် လုပ်ကိုင်သော ဆောက်လုပ်ရေး လုပ်ငန်းများ၊

(ဈ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ လုပ်ကိုင်သော လုပ်ငန်း များနှင့် ဖက်စပ်လုပ်ငန်းများ၊

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ သတ္တုတွင်းနှင့်ကျောက်မျက်ရတနာဆိုင်ရာလုပ်ငန်းများ၊

(ဋ) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများ၊

(ဌ) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ဆိပ်ကမ်းများနှင့် ပြင်ပဆိပ်ကမ်းများ၊

(ဍ) ကုန်တင်ကုန်ချအလုပ်သမားများဖြင့် လုပ်ကိုင်သော လုပ်ငန်းအဖွဲ့အစည်းများ၊

(ပ) အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ယင်း၏လက်အောက်ခံဌာန၊ အဖွဲ့အစည်းများ၊

(ဖ) ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည်ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်သော လုပ်ငန်းဌာနများ။

၂။ အထက်အပိုဒ် (၁) ပါ လုပ်ငန်းဌာနများရှိ အလုပ်ရှင်များသည် နည်းဥပဒေ ၄၀ (ခ) နှင့် ၄၀ (ဂ) တို့နှင့်အညီ အောက်ပါအတိုင်း ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည် -

(က) နည်းဥပဒေ ၄၀ (က) ပါ မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော လုပ်ငန်းဌာနများရှိ အလုပ်သမားများအတွက် အလုပ်ရှင်များသည် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ မှတ်ပုံတင်ပြီး လုပ်ငန်းလုပ်ကိုင်လျက်ရှိသော လုပ်ငန်းဌာနများဖြစ်ပါက ဥပဒေစတင်အာဏာတည်သည့်နေ့မှလည်းကောင်း၊

(ခ) ဥပဒေစတင်အာဏာတည်ပြီး နောက်ပိုင်းကာလတွင် တည်ထောင်လုပ်ကိုင်သော လုပ်ငန်းဌာနများဖြစ်ပါက လုပ်ငန်းစတင်လုပ်ကိုင်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းတွင်လည်းကောင်း၊

(ဂ) အလုပ်ဌာနနှင့်သက်ဆိုင်သည့် အချက်အလက်များကို အလုပ်ဌာနမှတ်ပုံတင် (ပုံစံ-၁) ဖြင့်လည်းကောင်း၊

(ဃ) အလုပ်သမားစာရင်းကို ပုံစံ (၁-က) တွင် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍လည်းကောင်း။

၃။ မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော အလုပ်ဌာနများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော နည်းဥပဒေ ၄၂ (က) နှင့် ၄၂ (ခ) တို့တွင် ဖော်ပြထားသည့် အောက်ပါအလုပ်သမားများသည် နည်းဥပဒေ ၄၂ (ဂ) တွင် ဖော်ပြထားသည့်အတိုင်း အလုပ်သမားတစ်ဦး အသစ်ခန့်ထားပြီး ၁၀ ရက်အတွင်း သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်၍ နည်းဥပဒေ ၅၅ နှင့် ၅၈ တို့ပါ သတ်မှတ်ထားသည့် ထည့်ဝင်ကြေးများကို ပေးသွင်း၍ အာမခံထားရှိရမည်ဖြစ်ပါသည် -

(က) နည်းဥပဒေ ၄၀ နှင့် ၄၁ တို့ပါ လုပ်ငန်းဌာနများတွင် အလုပ်ရှင်ကို မှီခိုနေသည့် ဇနီး၊ ခင်ပွန်း၊ သားသမီးနှင့်မိဘတို့မှအပ လုပ်ခအနည်းအများမရွေး၊ လုပ်ခရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလုပ်လုပ်နေသူများနှင့် လုပ်ခရသည့် အလုပ်သင်နှင့်ပညာသင်များ၊ လုပ်ခမရသည့် အလုပ်သင်နှင့် ပညာသင်များအားလုံးသည် မိမိတို့လုပ်ကိုင်ရသည့်အလုပ်သည် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ၊ ရာသီအလိုက် လုပ်ကိုင်ရသည့်လုပ်ငန်းဖြစ်စေ၊ ဆောင်ရွက်ရသည့်လုပ်ငန်းသည် အလုပ်ကြမ်းဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မည်သည့်လုပ်ငန်းအမျိုးအစားကို လုပ်ကိုင်နေရသည်ဖြစ်စေ အလုပ်လုပ်နေသူများအားလုံး၊

(ခ) ဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်ဆိုင်ရာ မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည်ဟု သတ်မှတ်ထားသော လုပ်ငန်းဌာနများရှိ အလုပ်သမားများ။

၄။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၂ (က) နှင့် နည်းဥပဒေ ၄၄ (က) တို့အရ သတ်မှတ်ထားသော မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိသည့် အောက်ပါလုပ်ငန်းဌာနများမှ အလုပ်ရှင်နှင့်အလုပ်သမားများသည် လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်များကို ရရှိခံစားလိုပါက ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေနှင့် သက်ဆိုင်ရာလူမှုဖူလုံရေးရန်ပုံငွေသို့ဖြစ်စေ၊ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ဖြစ်စေ နည်းဥပဒေ ၅၅ နှင့် ၅၈ တို့အရ

သတ်မှတ်ထားသည့် အလုပ်ရှင်နှင့်အလုပ်သမား ထည့်ဝင်ကြေးများကို မိမိတို့ဆန္ဒအလျောက် ထည့်ဝင်မှတ်ပုံတင်နိုင်သည် -

(က) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရ၏သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများ၊

(ဂ) ရာသီအလိုက် လုပ်ကိုင်သော စိုက်ပျိုးရေးနှင့်ငါးဖမ်းလုပ်ငန်းများ၊

(ဃ) အမြတ်အစွန်းမရည်ရွယ်သော ကုမ္ပဏီ၊ အသင်း သို့မဟုတ် အဖွဲ့အစည်းများ၊

(င) သုံးလအောက်နည်းသည့်ကာလအတွက်သာ အလုပ်လုပ်ကိုင်သည့် လုပ်ငန်းဌာနများ၊

(စ) အလုပ်သမားမပါရှိဘဲ မိမိ၏မိသားစုဖြင့်သာ လုပ်ကိုင်သော ကိုယ်ပိုင်လုပ်ငန်းဌာနများ၊

(ဆ) စီးပွားရေးလုပ်ငန်းအတွက်မဟုတ်သော အိမ်တွင်းဝန်ဆောင်မှုလုပ်ငန်းများ၊

(ဇ) ဥပဒေပုဒ်မ ၉၉ အရ ကင်းလွတ်ခွင့်ပြုထားသည့် လုပ်ငန်းဌာနများ၊

(ဈ) အလုပ်သမားငါးဦးအောက်ဖြင့် လုပ်ကိုင်လျက်ရှိသော အလုပ်ဌာနများမှ အလုပ်သမားများ။

၅။ ထို့အပြင် မည်သည့်လုပ်ငန်းဌာနတစ်ခုခုတွင်မှ အလုပ်လုပ်ကိုင်ခြင်းမရှိစေကာမူ ဥပဒေပုဒ်မ ၁၂ (ခ)၊ ဥပဒေပုဒ်မ ၂၀ နှင့် နည်းဥပဒေ ၄၄ (ခ) ပါ အောက်ပါ အလုပ်သမားများသည် ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရသက်ဆိုင်ခြင်းမရှိသော်လည်း နည်းဥပဒေ ၅၅ အရ သတ်မှတ်ထားသည့် အလုပ်ရှင်နှင့်အလုပ်သမားထည့်ဝင်ကြေးများကို မိမိတို့ဆန္ဒအလျောက် မိမိကိုယ်တိုင် ထည့်ဝင်၍ အာမခံထားနိုင်သည် -

(က) တည်ဆဲဥပဒေအရ အလုပ်လုပ်ကိုင်ခွင့်ရှိသော အသက်မပြည့်သေးသည့် အလုပ်သမားများနှင့် ဥပဒေပုဒ်မ ၃၄ အရ သတ်မှတ်ထားသည့် သက်ပြည့်အငြိမ်းစား အသက်ပြည့်ပြီးသည့် အလုပ်သမားများ၊

(ခ) ပျံကျလမ်းဘေးဈေးသည်နှင့် စက်ဘီး၊ တွန်းလှည်း စသည်များဖြင့် လှည့်လည်ရောင်းချသူများ၊

(ဂ) ရံဖန်ရံခါအလုပ်လုပ်ခိုင်းသည့် နေ့စား၊ အချိန်ပိုင်း၊ ပုတ်ပြတ် သို့မဟုတ် ပြင်ပအလုပ်သမားများ၊

(ဃ) ဤဥပဒေပါ မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းဌာနများရှိ အလုပ်ရှင်များနှင့် အလုပ်သမားများ၊

(င) လုပ်ငန်းဌာနများတွင် အလုပ်လုပ်ကိုင်ခြင်းမရှိသော အများပြည်သူများ၊

(စ) ကျောင်းသူကျောင်းသားများ၊ လုပ်ငန်းခွင်နှင့်ကင်းကွာနေသူများ၊ အိမ်တွင်းမှုအထောက်အကူပြုအလုပ်သမားများနှင့် နိုင်ငံခြားသို့ သွားရောက်၍အလုပ်လုပ်ကိုင်နေသူများ၊

(ဆ) ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ စုပေါင်းလုပ်ငန်းလုပ်ကိုင်သူများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများနှင့် တောင်သူလယ်သမားများ၊

(ဇ) အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်၍ အာမခံထားနိုင်သည်ဟု အခါအားလျော်စွာသတ်မှတ်ထားသည့် လုပ်ငန်းဌာနများမှ ပုဂ္ဂိုလ်များ။

၆။ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျုံးဝင်သက်ဆိုင်စေရမည်ဟု သတ်မှတ်လိုက်သည်။

ဦးအေးမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက် )

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်လိုက်သည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ နှင့်အညီ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းပေးပြီးဖြစ်သဖြင့် အဆိုပါညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဖော်ပြပါအတိုင်း သတ်မှတ်ပါသည်။

၂။ **ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

(က) အလုပ်ရှင် သို့မဟုတ် အလုပ်သမား သို့မဟုတ် ယင်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများက တိုင်ကြားလာပါက ဥပဒေနှင့်အညီ နှစ်ဖက်ခေါ်ယူ၍ ဖျန်ဖြေပေးရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ထားသည့် သို့မဟုတ် အခါအားလျော်စွာပေးပို့သည့် ညွှန်ကြားချက်များကို လိုက်နာကျင့်သုံးရမည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်များ**

၃။ **ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

(က) အငြင်းပွားမှုအား လက်ခံရရှိသည့်အခါ ဖျန်ဖြေရန်အတွက် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်း များက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးမှ တစ်ဦးအား အဖွဲ့ဝင် (၁) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဂ) ပါ အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးမှ တစ်ဦးအားအဖွဲ့ဝင် (၂) အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူတစ်ဦးအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း အနည်းဆုံး အဖွဲ့ဝင်သုံးဦးပါ အဖွဲ့ငယ်များ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် အတွင်းရေးမှူးအား ညွှန်ကြားရမည်။

(ခ) အငြင်းပွားမှုဖျန်ဖြေပေးရမည့်ရက် သတ်မှတ်ပေးပြီး အတွင်းရေးမှူးအား အမှုချိန်းဆိုစေရမည်။

(ဂ) အဖွဲ့ငယ်အား သတ်မှတ်ကာလသုံးရက်အတွင်း ဖျန်ဖြေစေရန်ညွှန်ကြားရမည်။ အကယ်၍ သတ်မှတ် ကာလအတွင်း ဖျန်ဖြေရာတွင် အချိန်ထပ်တိုးဖျန်ဖြေရန်လိုအပ်သည့် ဆောင်ရွက်ချက်များအတွက် ခွင့်ပြုပေးနိုင်သည်။ လိုအပ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့လည်း အသိပေးတင်ပြရမည်။

(ဃ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင် လစ်လပ်သည့်စာရင်းကို အတွင်းရေးမှူးက တင်ပြလျှင်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်လည်းကောင်း အဖွဲ့ဝင်ခန့်အပ်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြရမည်။ သက်တမ်းကုန်ဆုံး၍ ပြန်လည်ရွေးချယ်မည့် အဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရက်ပေါင်း (၆၀) ကြိုတင်တင်ပြဆောင်ရွက်ရမည်။

(င) အဖွဲ့ငယ်မှ အငြင်းပွားမှုအား ဖျန်ဖြေပြီးသည့်အခါ အစိုးရဝန်ထမ်းမပါ အဖွဲ့ငယ်တွင် ပါဝင်ဖျန်ဖြေသူ သုံးဦးအတွက် ချီးမြှင့်ထောက်ပံ့ငွေနှင့်စရိတ်ရရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြတောင်းခံ

ပေးခြင်း၊ ပြန်လည်စရိတ်ပေးခြင်းများအား ဆက်လက်၍ ဆောင်ရွက်ရမည်။ လိုအပ်ပါက အတွင်းရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၄။ **ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အတွင်းရေးမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်** -

(က) အငြင်းပွားမှုကို လက်ခံရရှိသည့်အခါ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သော ဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့သို့လည်းကောင်း၊ အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်ပါက အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့လည်းကောင်း၊ အခြားတည်ဆဲဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများသို့လည်းကောင်း သက်ဆိုင်ရာဥပဒေနှင့်အညီ သွားရောက်ဆောင်ရွက်စေရန် အသိပေးပြောကြားပြီး ထိုသို့အသိပေးမှုအား မှတ်တမ်းထားရှိရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် အငြင်းပွားမှု များကို လက်ခံရရှိသောအခါ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ အကြောင်းကြား ရမည်ဖြစ်ပြီး အငြင်းပွားမှုမှတ်ပုံတင်စာအုပ် (နောက်ဆက်တွဲပုံစံ "က") တွင် ရေးမှတ်ရမည်။

(ဂ) အလုပ်ရှင်ကဖြစ်စေ၊ အလုပ်သမားကဖြစ်စေ အမှုချိန်းဆိုရက်ရွှေ့ဆိုင်းပေးပါရန် အချိန်တောင်းဆိုလျှင် ဥက္ကဋ္ဌထံ ထောက်ခံချက် သို့မဟုတ် သဘောထားမှတ်ချက်နှင့်အတူ တင်ပြ၍ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် ဖျန်ဖြေပေးရမည့် ရက်ချိန်းရရှိပါက အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၊ အငြင်းပွားသူ အလုပ်ရှင်နှင့် အလုပ်သမားတို့အား ချိန်းဆိုပေးရမည်။

(င) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး စာချုပ်မူရင်း (၅) စောင် ပြုလုပ်ပြီး အလုပ်သမား၊ အလုပ်ရှင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် တိုင်းဒေသကြီးခုံသမာဓိအဖွဲ့များထံသို့ တစ်စောင်စီပေးပို့ရမည်။ အကယ်၍ ပြေငြိမ်းမှုမရရှိသောအငြင်းပွားမှုသည် -

(၁) တစ်ဦးချင်း အငြင်းပွားမှုဖြစ်ပါက စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားရမည် ဖြစ်ကြောင်း သက်ဆိုင်ရာအငြင်းပွားသူများသို့ အသိပေးရမည်။

(၂) စုပေါင်းအငြင်းပွားမှုဖြစ်ပါက တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့ ပြေငြိမ်းမှုမရရှိသော စုပေါင်း အငြင်းပွားမှုအစီရင်ခံစာနှင့်အတူ အမှုတွဲ လွှဲပြောင်းပေးပို့ရမည်။ ထို့အပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အစီရင်ခံစာအကျဉ်းချုပ် တင်ပြရမည်။

(စ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညွှန်ကြားသည့် အခြားတာဝန်ဝတ္တရားများ ဆောင်ရွက်ရမည်။

(ဆ) အငြင်းပွားမှုစတင်ဖျန်ဖြေခြင်းမပြုမီ သက်ဆိုင်ရာအငြင်းပွားသူများထံမှ ကိုယ်စားလှယ်လွှဲစာ ရှိ၊ မရှိ မေးမြန်း၍ ကိုယ်စားလှယ်လွှဲစာ တင်ပြပါက အဆိုပါ ကိုယ်စားလှယ်လွှဲစာများအပေါ်တွင် လက်မှတ်ရေးထိုးရမည်။

(ဇ) အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ညွှန်ကြားချက်အရ အတွင်းရေးမှူး၏ ဆောင်ရွက်ချက်များကိုသော် လည်းကောင်း အမှုတွဲနေ့စဉ်မှတ်တမ်း ရေးသားရမည်။ ထိုရေးသားချက်များအားလုံးကို ဥက္ကဋ္ဌ လက်မှတ်ရေးထိုးရန် တင်ပြရမည်။ (နောက်ဆက်တွဲပုံစံ "ခ")

(ဈ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖျန်ဖြေပေးခဲ့သည့် အငြင်းပွားမှု အခြေအနေပြဇယားတွင် ရေးမှတ် ရမည်ဖြစ်ပြီး တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့ လချုပ်စာရင်းပေးပို့ရမည်။ (နောက်ဆက်တွဲပုံစံ "ဂ")

(ည) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ အငြင်းပွားမှုဖျန်ဖြေနေစဉ် အဖွဲ့ဝင် လစ်လပ်လျှင်သော်လည်းကောင်း အဖွဲ့ဝင်များ တာဝန်ပေးခန့်အပ်ရန် ဉက္ကဋ္ဌသို့ တင်ပြရမည်။

၅။ **ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

(က) အတွင်းရေးမှူးမှ အငြင်းပွားမှုအား ဖျန်ဖြေပေးရန် ချိန်းဆိုရာတွင် လာရောက်ရမည်။

(ခ) ဖျန်ဖြေနေစဉ် အလုပ်ရှင်၊ အလုပ်သမားတို့မှ ဆက်လက်ဖျန်ဖြေပေးစေလိုကြောင်း တောင်းဆိုလျှင် ဉက္ကဋ္ဌထံ တင်ပြပြီး ဆက်လက်ဖျန်ဖြေပေးရမည်။

(ဂ) ပြေငြိမ်းမှုရရှိသည့်အခါ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပါ ပုံစံ (၄) နှင့် အညီ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပေးရမည်။

(ဃ) ပြေငြိမ်းမှုမရရှိပါက အတွင်းရေးမှူးထံ တင်ပြရမည်။

(င) အငြင်းပွားမှုဖျန်ဖြေနေစဉ် အကြောင်းတစ်ခုခုကြောင့် ဆက်လက်ဖျန်ဖြေခြင်းမပြုနိုင်လျှင် အတွင်းရေးမှူးထံ တင်ပြရမည်။

**အငြင်းပွားမှုဖျန်ဖြေရာတွင် ယေဘုယျလိုက်နာရမည့်စည်းကမ်းများ**

၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ အငြင်းပွားမှုဖျန်ဖြေရာတွင် လိုက်နာရမည့် စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတ်မှတ်ကာလအတွင်း အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာအချက်အလက်များ၊ အငြင်းပွားမှု အခြေအနေများအရ ရသင့်ရထိုက်သည့် အခွင့်အရေးများအား သိရှိစေရန် အငြင်းပွားသူများအား ရှင်းလင်းပြောကြားခြင်းနှင့် နှစ်ဖက်ပြေငြိမ်းမှုရရှိအောင် ဖျန်ဖြေပေးရမည်။

(ခ) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး ပြေငြိမ်းမှုမရရှိပါက တစ်ဦးချင်းအငြင်းပွားမှုအား သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရရှိသော တရားရုံးသို့လည်းကောင်း၊ စုပေါင်း အငြင်းပွားမှုအား တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြဖြေရှင်းရမည် ဖြစ်ကြောင်း အငြင်းပွားသူများအား အသိပေးရမည်။

(ဂ) တစ်ဦးချင်းအငြင်းပွားမှုများတွင် အလုပ်ရှင်နှင့်အလုပ်သမားများအကြား တည်ဆဲဥပဒေတစ်ရပ်ရပ် အရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုသို့ လျှောက်ထားနိုင်သည့် အောက်ပါကိစ္စရပ်များ ပါဝင်သည် -

(၁) တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊

(၂) စုပေါင်းသဘောတူညီချက်တွင် ပါဝင်သည့် ကိစ္စရပ်များ (ဉပမာ။ သဘောတူညီချက် စာချုပ်သက်တမ်းတစ်နှစ်သတ်မှတ်ထားရာတွင် တစ်နှစ်မပြည့်မီ လုပ်ခလစာတိုးပေးရန် တောင်းဆိုခြင်း)၊

(၃) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်နှင့် သက်ဆိုင်သောကိစ္စရပ်များ (ဉပမာ။ အလုပ် လုပ်ကိုင်ရန် တစ်နှစ်သတ်မှတ်ထားရာတွင် လုပ်သက်တစ်နှစ်မပြည့်မီ နို့တစ်မပေးဘဲ အလုပ် ထုတ်ခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်ထွက်ခြင်း)။

(ဃ) စုပေါင်းအငြင်းပွားမှုတွင် အလုပ်ရှင်များနှင့်အလုပ်သမားများ သို့မဟုတ် အလုပ်သမား အဖွဲ့ အစည်းများအကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် အောက်ပါကိစ္စရပ်များ ပါဝင်သည် -

(၁) လုပ်ငန်းခွင်အခြေအနေဆိုင်ရာကိစ္စရပ်များ၊

(၂) လုပ်ငန်းခွင်အတွင်း အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအား အသိအမှတ်ပြုမှုဆိုင်ရာကိစ္စရပ်များ၊

(၃) အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက အသိအမှတ်ပြုထားသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများ ကျင့်သုံးမှုဆိုင်ရာကိစ္စရပ်များ၊

(၄) အလုပ်ရှင်နှင့်အလုပ်သမားအကြား လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊

(၅) လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသော သို့မဟုတ် လူမှုဘဝအေးချမ်းတည်ငြိမ်မှုကို အန္တရာယ်ဖြစ်စေသော ကိစ္စရပ်များ။

၇။ အောက်ပါ အငြင်းပွားမှုများသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့် အကျုံးမဝင်သော အငြင်းပွားမှုများဖြစ်သဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက ဖျန်ဖြေခြင်း မပြုရပါ -

(က) စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ ဘာသာရေး၊ လူမှုရေး၊ ပရဟိတလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(ခ) ကာလစည်းကမ်းသတ်ဥပဒေအရ သတ်မှတ်ကာလကျော်လွန်နေသည့် အငြင်းပွားမှု၊

(ဂ) မိသားစုအဖြစ် စီးပွားခွဲမဟုတ်သူများကြားတွင် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဃ) ပစ္စည်းသယ်ယူရန် ယာဉ်ငှားသည့်ကိစ္စ ဖြစ်ပွားသော အငြင်းပွားမှု၊

(င) ငွေကြေးအလွဲသုံးစားမှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(စ) အလုပ်ရှင်၊ အလုပ်သမားဆက်ဆံမှုမဟုတ်သော ဆရာနှင့်တပည့်ကျောင်းသား၊ ဘုန်းကြီးနှင့်ကပ္ပိယ ဖြစ်ပွားသော အငြင်းပွားမှု၊

(ဆ) ငှားရမ်းထားသောပစ္စည်း ပြန်ရလိုမှုအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဇ) ကန်ထရိုက်စနစ်ဆက်ဆံမှုမျိုးဖြစ်လျှင် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံမှုမဟုတ်သော အငြင်းပွားမှု၊

(ဈ) ပစ္စည်းငှားရမ်းခငွေကြေး (မြင်းလှည်း၊ ဆိုက်ကား၊ မော်တော်ကားကိစ္စ) ဆိုင်ရာအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ည) လုပ်ငန်းတစ်ခုတည်းတွင် အစုစပ်ပါဝင်သော ပိုင်ရှင်များအနက် ပုဂ္ဂိုလ်တစ်ဦးကို တရားရုံးတွင် အမှုဖွင့်ထားဆဲ၊ ကျန်တစ်ဦးကို အငြင်းပွားမှုအနေဖြင့် တိုင်ကြားသော အငြင်းပွားမှု၊

(ဋ) နစ်နာ၍တိုင်ကြားမှုသည် စိတ်ရောဂါဝေဒနာသည်ဖြစ်၍ အထောက်အထား သာဓကမပြနိုင်သော အငြင်းပွားမှု၊

(ဌ) တစ်ကြိမ်ဆုံးဖြတ်ပြီးသော ရပိုင်ခွင့်တစ်ရပ်ကို အကျုံးဝင်သတ်မှတ်ကာလမကုန်ဆုံးမီ နောက် တစ်ကြိမ် ထပ်မံတောင်းဆိုသော အငြင်းပွားမှု။

၈။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးမှာ အကြောင်းအမျိုးမျိုးကြောင့် အငြင်းပွားမှုကို ဆက်လက် ဖျန်ဖြေခြင်းမပြုနိုင်လျှင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ အရ အဖွဲ့ဝင်တစ်ဦး ဖြည့်စွက်ခန့်ထားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြ၍ ခန့်ခွင့်တောင်းခံရမည်။ ထိုသို့ခန့်ထားခြင်းခံရသော အဖွဲ့ဝင်သည် မိမိအား အငြင်းပွားမှုစတင်ဖျန်ဖြေသည့်အချိန်မှစ၍ ခန့်ထားသကဲ့သို့ အငြင်းပွားမှုကို ဆက်လက်ဖျန်ဖြေပေးနိုင်သည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၆ ပါ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိ ကောင်စီ၏ ဆုံးဖြတ်ချက်အတည်ဖြစ်သည့်နေ့ရက်မှ သုံးလမကျော်မီကာလအတွင်း ယင်းဆုံးဖြတ်ချက်အား

ပြုပြင်ပြောင်းလဲရန်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်၍သော်လည်းကောင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အလုပ်ရှင်နှင့် အလုပ်သမားတို့အား ခေါ်ယူဖျန်ဖြေပေးခြင်းသည် ဥပဒေကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ထိုသို့ဆောင်ရွက်ခြင်းမပြုရ။

၁၀။ ယခုထုတ်ပြန်သည့် လုပ်ငန်းတာဝန်များသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

ဝန်ကြီး၊
စည်ပင်သာယာရေးဝန်ကြီးဌာန၊
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

**နောက်ဆက်တွဲ (က)**

__________ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ရောဝတီတိုင်းဒေသကြီး

၂၀_____ ခုနှစ်၊ ______________ လအတွက် အငြင်းပွားမှု မှတ်ပုံတင်စာအုပ်

| အမှတ်စဉ် | အမှုလက်ခံရရှိသည့်နေ့ | တောင်းဆိုသူ | တောင်းဆိုခြင်းခံရသူ | အမှုအမှတ် | အမှုဖျန်ဖြေသည့်နေ့များ | ဆောင်ရွက်ချက်များ | ခုံသမာဓိအဖွဲ့သို့အမှုတွဲပို့သည့်နေ့စွဲနှင့်စာအမှတ် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

အတွင်းရေးမှူး

လက်မှတ် ________________

အမည် ________________

ရာထူး/ဌာန ________________

ရက်စွဲ ________________

**နောက်ဆက်တွဲပုံစံ "ခ"**

**နေ့စဉ်မှတ်တမ်း**

______________________ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့

______________________ ရုံး/______________________ မြို့

၂၀ ခုနှစ်၊ အငြင်းပွားမှုအမှတ် ______________ /______________

______________________ နှင့် ______________________

______________________ ______________________

| နေ့စွဲ | ဆောင်ရွက်သည့်အမှုကိစ္စများကိုမှတ်သားချက် | အမှုကိုရွှေ့ဆိုင်းလိုသည့်နေ့စွဲ |
|---|---|---|
| | | |

အတွင်းရေးမှူး

လက်မှတ်---------------------------------

အမည်-----------------------------------

ရာထူး/ဌာန-------------------------------

ရက်စွဲ-----------------------------------

**နောက်ဆက်တွဲပုံစံ "ဂ"**

--------------- မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ --------------- တိုင်းဒေသကြီး၊ ပြည်နယ်

၂၀ ခုနှစ်၊ လအတွက် အငြင်းပွားမှု အခြေအနေပြဇယား

| အမှတ်စဉ် | မြို့နယ် | မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်လ လက်ကျန်အမှု | | ယခုလ လွှဲအပ်အမှု | | စုစုပေါင်း | ယခင်လအတွင်းဆောင်ရွက်ချက် | | | | | | | | | | မှတ်ချက် |
| | | | | | | | ဖျန်ဖြေပေးသည့်အမှု | | ပိတ်/ရုပ်သိမ်း | | စုစုပေါင်း | လက်ကျန်အမှု | | စုစုပေါင်း | | | |
| | | တစ်ဦးချင်း | စုပေါင်း | တစ်ဦးချင်း | စုပေါင်း | | တစ်ဦးချင်း | စုပေါင်း | တစ်ဦးချင်း | စုပေါင်း | | တစ်ဦးချင်း | စုပေါင်း | | | | |
| | | | | | | | | | | | | | | | | | |

အတွင်းရေးမှူး

လက်မှတ် ---------------------------------

အမည် ---------------------------------

ရာထူး/ဌာန ---------------------------------

ရက်စွဲ ---------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်ကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက် )

နေပြည်တော်ကောင်စီသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်လိုက်သည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

၁။ နေပြည်တော်ကောင်စီမှ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ နှင့်အညီ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းပေးပြီးဖြစ်သဖြင့် အဆိုပါညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဖော်ပြပါအတိုင်း သတ်မှတ်ပါသည်။

၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အလုပ်ရှင် သို့မဟုတ် အလုပ်သမား သို့မဟုတ် ယင်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများက တိုင်ကြားလာပါက ဥပဒေနှင့်အညီ နှစ်ဖက်ခေါ်ယူ၍ ဖျန်ဖြေပေးရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် နေပြည်တော်ကောင်စီက သတ်မှတ်ထားသည့် သို့မဟုတ် အခါ အားလျော်စွာပေးပို့သည့် ညွှန်ကြားချက်များကို လိုက်နာကျင့်သုံးရမည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်များ**

၃။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့**ဥက္ကဋ္ဌ**၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အငြင်းပွားမှုအား လက်ခံရရှိသည့်အခါ ဖျန်ဖြေရန်အတွက် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးမှ တစ်ဦးအား အဖွဲ့ဝင် (၁) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဂ) ပါ အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးမှ တစ်ဦးအားအဖွဲ့ဝင် (၂) အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူတစ်ဦးအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း အနည်းဆုံး အဖွဲ့ဝင် (၃) ဦးပါ အဖွဲ့ငယ်များဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် အတွင်းရေးမှူးအား ညွှန်ကြားရမည်။

(ခ) အငြင်းပွားမှု ဖျန်ဖြေပေးရမည့်ရက် သတ်မှတ်ပေးပြီး အတွင်းရေးမှူးအား အမှုချိန်းဆိုစေရမည်။

(ဂ) အဖွဲ့ငယ်အား သတ်မှတ်ကာလသုံးရက်အတွင်း ဖျန်ဖြေစေရန် ညွှန်ကြားရမည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ဖျန်ဖြေရာတွင် အချိန်ထပ်တိုးဖျန်ဖြေရန်လိုအပ်သည့် ဆောင်ရွက်ချက်များအတွက် ခွင့်ပြုပေးနိုင်သည်။ လိုအပ်ပါက နေပြည်တော်ကောင်စီသို့လည်း အသိပေးတင်ပြရမည်။

(ဃ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင် လစ်လပ်သည့်စာရင်းကို အတွင်းရေးမှူးက တင်ပြလျှင်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်လည်းကောင်း အဖွဲ့ဝင်ခန့်အပ်ရန် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။ သက်တမ်းကုန်ဆုံး၍ ပြန်လည်ရွေးချယ်ရမည့် အဖွဲ့ဝင်များအတွက် နေပြည်တော်ကောင်စီသို့ ရက်ပေါင်း (၆၀) ကြိုတင်တင်ပြဆောင်ရွက်ရမည်။

(င) အဖွဲ့ငယ်မှအငြင်းပွားမှုအားဖျန်ဖြေပြီးသည့်အခါ အစိုးရဝန်ထမ်းမပါ အဖွဲ့ငယ်တွင် ပါဝင်ဖျန်ဖြေပေးသူ သုံးဦးအတွက် ချီးမြှင့်ထောက်ပံ့ငွေနှင့် စရိတ်ရရှိရေး နေပြည်တော်ကောင်စီထံ တင်ပြတောင်းခံ ပေးခြင်း၊ ပြန်လည်စရိတ်ပေးခြင်းများကို ဆက်လက်၍ ဆောင်ရွက်ရမည်။ လိုအပ်ပါက အတွင်းရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၄။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ **အတွင်းရေးမှူး**၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငြင်းပွားမှုကို လက်ခံရရှိသည့်အခါ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သော ဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့သို့လည်းကောင်း၊ အလုပ်သမားလျော်ကြေးနှင့် အကျုံးဝင်ပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လည်းကောင်း၊ အခြားတည်ဆဲဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများသို့လည်းကောင်း သက်ဆိုင်ရာဥပဒေနှင့်အညီ သွားရောက်ဆောင်ရွက်စေရန် အသိပေးပြောကြားပြီး ထိုသို့ အသိပေးမှုအား မှတ်တမ်းတင်ထားရှိရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် အငြင်းပွားမှုများကို လက်ခံရရှိသောအခါ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ အကြောင်းကြားရမည်ဖြစ်ပြီး အငြင်းပွားမှုမှတ်ပုံတင်စာအုပ် (<u>နောက်ဆက်တွဲပုံစံ "က"</u>) တွင် ရေးမှတ်ရမည်။

(ဂ) အလုပ်ရှင်ကဖြစ်စေ၊ အလုပ်သမားကဖြစ်စေ အမှုချိန်းဆိုရက် ရွှေ့ဆိုင်းပေးပါရန် အချိန်တောင်းဆိုလျှင် ဥက္ကဋ္ဌထံ ထောက်ခံချက် သို့မဟုတ် သဘောထားမှတ်ချက်နှင့်အတူ တင်ပြ၍ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် ဖျန်ဖြေပေးရမည့် ရက်ချိန်းရရှိပါက အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၊ အငြင်းပွားသူ အလုပ်ရှင်နှင့် အလုပ်သမားတို့အား ချိန်းဆိုပေးရမည်။

(င) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး စာချုပ်မူရင်း (၅) စောင် ပြုလုပ်၍ အလုပ်သမား၊ အလုပ်ရှင်၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် သက်ဆိုင်ရာနေပြည်တော်ကောင်စီ ခုံသမာဓိအဖွဲ့ထံသို့ တစ်စောင်စီပေးပို့ရမည်။ အကယ်၍ ပြေငြိမ်းမှုမရရှိသော အငြင်းပွားမှုသည် -

(၁) တစ်ဦးချင်းအငြင်းပွားမှုဖြစ်ပါက စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သက်ဆိုင်ရာအငြင်းပွားသူများသို့ အသိပေးရမည်။

(၂) စုပေါင်းအငြင်းပွားမှုဖြစ်ပါက သက်ဆိုင်ရာခုံသမာဓိအဖွဲ့သို့ ပြေငြိမ်းမှုမရရှိသော စုပေါင်းအငြင်းပွားမှုအစီရင်ခံစာနှင့်အတူ အမှုတွဲ လွှဲပြောင်းပေးပို့ရမည်။ ထို့အပြင် နေပြည်တော်ကောင်စီသို့ အစီရင်ခံစာအကျဉ်းချုပ် တင်ပြရမည်။

(စ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညွှန်ကြားသည့် အခြားတာဝန်ဝတ္တရားများ ဆောင်ရွက်ရမည်။

(ဆ) အငြင်းပွားမှု စတင်ဖျန်ဖြေခြင်းမပြုမီ သက်ဆိုင်ရာအငြင်းပွားသူများထံမှ ကိုယ်စားလှယ်လွှဲစာ ရှိ/မရှိ မေးမြန်း၍ ကိုယ်စားလှယ်လွှဲစာ တင်ပြပါက အဆိုပါ ကိုယ်စားလှယ်လွှဲစာများအပေါ်တွင် လက်မှတ်ရေးထိုးရမည်။

(ဇ) အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ညွှန်ကြားချက်အရ အတွင်းရေးမှူး၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း အမှုတွဲနေ့စဉ်မှတ်တမ်း ရေးသားထားရမည်။ ထိုရေးသားချက်များအားလုံးကို ဥက္ကဋ္ဌ လက်မှတ်ရေးထိုးရန် တင်ပြရမည်။ (<u>နောက်ဆက်တွဲပုံစံ "ခ"</u>)

(ဈ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖျန်ဖြေပေးခဲ့သည့် အငြင်းပွားမှုအခြေအနေပြဇယားတွင် ရေးမှတ်ရမည် ဖြစ်ပြီး နေပြည်တော်ကောင်စီခုံသမာဓိအဖွဲ့သို့ လချုပ်စာရင်း ပေးပို့ရမည်။ (နောက်ဆက်တွဲ ပုံစံ "ဂ")

(ည) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ အငြင်းပွားမှုဖျန်ဖြေနေစဉ် အဖွဲ့ဝင် လစ်လပ်လျှင်သော်လည်းကောင်း အဖွဲ့ဝင်များ တာဝန်ပေးခန့်အပ်ရန် ဥက္ကဋ္ဌသို့ တင်ပြရမည်။

၅။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အတွင်းရေးမှူးမှ အငြင်းပွားမှုအား ဖျန်ဖြေပေးရန် ချိန်းဆိုရာတွင် လာရောက်ရမည်။

(ခ) ဖျန်ဖြေနေစဉ် အလုပ်ရှင်၊ အလုပ်သမားတို့မှ ဆက်လက်ဖျန်ဖြေပေးစေလိုကြောင်း တောင်းဆိုလျှင် ဥက္ကဋ္ဌထံ တင်ပြပြီး ဆက်လက်ဖျန်ဖြေပေးရမည်။

(ဂ) ပြေငြိမ်းမှုရရှိသည့်အခါ ပုံစံ (၄) နှင့်အညီ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပေးရမည်။

(ဃ) ပြေငြိမ်းမှုမရရှိပါက အတွင်းရေးမှူးထံ တင်ပြရမည်။

(င) အငြင်းပွားမှုဖျန်ဖြေနေစဉ် အကြောင်းတစ်ခုခုကြောင့် ဆက်လက်ဖျန်ဖြေခြင်းမပြုနိုင်လျှင် အတွင်းရေးမှူးထံ တင်ပြရမည်။

**အငြင်းပွားမှုဖျန်ဖြေရာတွင် ယေဘုယျလိုက်နာရမည့်စည်းကမ်းများ**

၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ အငြင်းပွားမှုဖျန်ဖြေရာတွင် လိုက်နာရမည့်စည်းကမ်းများမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) သတ်မှတ်ကာလအတွင်း အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာအချက်အလက်များ၊ အငြင်းပွားမှု အခြေအနေများအရ ရသင့်ရထိုက်သည့် အခွင့်အရေးများအား သိရှိစေရန် အငြင်းပွားသူများအား ရှင်းလင်းပြောကြားခြင်းဖြင့် နှစ်ဖက်ပြေငြိမ်းမှုရရှိအောင် ဖျန်ဖြေပေးရမည်။

(ခ) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး ပြေငြိမ်းမှုမရရှိပါက တစ်ဦးချင်းအငြင်းပွားမှုအား သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့လည်းကောင်း၊ စုပေါင်း အငြင်းပွားမှုအား နေပြည်တော်ကောင်စီခုံသမာဓိအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြ ဖြေရှင်း ရမည်ဖြစ်ကြောင်း အငြင်းပွားသူများအား အသိပေးရမည်။

(ဂ) တစ်ဦးချင်းအငြင်းပွားမှုတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား တည်ဆဲဥပဒေတစ်ရပ်ရပ် အရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုသို့ လျှောက်ထားနိုင်သည့် အောက်ပါကိစ္စရပ်များ ပါဝင်သည် -

(၁) တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊

(၂) စုပေါင်းသဘောတူညီချက်တွင် ပါဝင်သည့် ကိစ္စရပ်များ (ဥပမာ။ သဘောတူညီချက် စာချုပ်သက်တမ်း တစ်နှစ်သတ်မှတ်ထားရာတွင် တစ်နှစ်မပြည့်မီ လခလစာတိုးပေးရန် တောင်းဆိုခြင်း)၊

(၃) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်နှင့် သက်ဆိုင်သောကိစ္စရပ်များ (ဥပမာ။ အလုပ် လုပ်ကိုင်ရန် တစ်နှစ်သတ်မှတ်ထားရာတွင် လုပ်သက်တစ်နှစ်မပြည့်မီ နို့တစ်မပေးဘဲ အလုပ်ထုတ်ခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်ထွက်ခြင်း)။

(ဃ) စုပေါင်းအငြင်းပွားမှုတွင် အလုပ်ရှင်များနှင့် အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် အောက်ပါကိစ္စရပ်များ ပါဝင်သည် -

(၁) လုပ်ငန်းခွင်အခြေအနေဆိုင်ရာကိစ္စရပ်များ၊

(၂) လုပ်ငန်းခွင်အတွင်း အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအား အသိအမှတ်ပြုမှုဆိုင်ရာကိစ္စရပ်များ၊

(၃) အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက အသိအမှတ်ပြုထားသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများ ကျင့်သုံးမှုဆိုင်ရာကိစ္စရပ်များ၊

(၄) အလုပ်ရှင်နှင့်အလုပ်သမားအကြား လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊

(၅) လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသော သို့မဟုတ် လူမှုဘဝအေးချမ်းတည်ငြိမ်မှုကို အန္တရာယ်ဖြစ်စေသော ကိစ္စရပ်များ။

၇။ အောက်ပါ အငြင်းပွားမှုများသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့် အကျုံးမဝင်သော အငြင်းပွားမှုများဖြစ်သဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက ဖျန်ဖြေခြင်းမပြုရပါ -

(က) စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ ဘာသာရေး၊ လူမှုရေးပရဟိတလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားသောအငြင်းပွားမှု၊

(ခ) ကာလစည်းကမ်းသတ်ဥပဒေအရ သတ်မှတ်ကာလကျော်လွန်နေသည့် အငြင်းပွားမှု၊

(ဂ) မိသားစုအဖြစ် စီးပွားခွဲမဟုတ်သူများအကြားတွင် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဃ) ပစ္စည်းသယ်ယူရန် ယာဉ်ငှားသည့်ကိစ္စ ဖြစ်ပွားသော အငြင်းပွားမှု၊

(င) ငွေကြေးအလွဲသုံးစားမှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(စ) အလုပ်ရှင်၊ အလုပ်သမားဆက်ဆံမှုမဟုတ်သော ဆရာနှင့်တပည့်ကျောင်းသား၊ ဘုန်းကြီးနှင့်ကပ္ပိယဖြစ်ပွားသော အငြင်းပွားမှု၊

(ဆ) ငှားရမ်းထားသောပစ္စည်း ပြန်ရလိုမှုအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဇ) ကန်ထရိုက်စနစ်ဆက်ဆံမှုမျိုးဖြစ်လျှင် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံမှုမဟုတ်သော အငြင်းပွားမှု၊

(ဈ) ပစ္စည်းငှားရမ်းခငွေကြေး (မြင်းလှည်း၊ ဆိုက်ကား၊ မော်တော်ကားကိစ္စ) ဆိုင်ရာအတွက် ဖြစ်ပွားသောအငြင်းပွားမှု၊

(ည) လုပ်ငန်းတစ်ခုတည်းတွင် အစုစပ်ပါဝင်သော ပိုင်ရှင်များအနက် ပုဂ္ဂိုလ်တစ်ဦးကို တရားရုံးတွင်အမှုဖွင့်ထားဆဲ၊ ကျန်တစ်ဦးကို အငြင်းပွားမှုအနေဖြင့်တိုင်ကြားသော အငြင်းပွားမှု၊

(ဋ) နစ်နာ၍ တိုင်ကြားမှုသည် စိတ်ရောဂါဝေဒနာသည်ဖြစ်၍ အထောက်အထားသာဓကမပြနိုင်သောအငြင်းပွားမှု၊

(ဌ) တစ်ကြိမ်ဆုံးဖြတ်ပြီးသော ရပိုင်ခွင့်တစ်ရပ်ကို အကျုံးဝင်သတ်မှတ်ကာလ မကုန်ဆုံးမီ နောက်တစ်ကြိမ် ထပ်မံတောင်းဆိုသော အငြင်းပွားမှု။

၈။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးမှာ အကြောင်းအမျိုးမျိုးကြောင့် အငြင်းပွားမှုကို ဆက်လက်ဖျန်ဖြေခြင်းမပြုနိုင်လျှင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ ပါ အဖွဲ့ဝင်တစ်ဦးဖြည့်စွက်ခန့်ထားရန် နေပြည်တော်ကောင်စီသို့တင်ပြ၍ ခန့်ခွင့်တောင်းခံရမည်။ ထိုသို့ ခန့်ထားခြင်းခံရသော

အဖွဲ့ဝင်သည် မိမိအား အငြင်းပွားမှုစတင်ဖျန်ဖြေသည့်အချိန်မှစ၍ ခန့်ထားသကဲ့သို့ အငြင်းပွားမှုကို ဆက်လက်ဖျန်ဖြေပေးနိုင်သည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၆ ပါ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက် အတည်ဖြစ်သည့်နေ့ရက်မှ (၃) လ မကျော်လွန်မီကာလအတွင်း ယင်းဆုံးဖြတ်ချက်အား ပြုပြင်ပြောင်းလဲရန်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်နှင့်ဆန့်ကျင်၍သော်လည်းကောင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အလုပ်ရှင်နှင့်အလုပ်သမားတို့အား ခေါ်ယူဖျန်ဖြေပေးခြင်းသည် ဥပဒေကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ထိုသို့ ဆောင်ရွက်ခြင်းမပြုရ။

၁၀။ ယခုထုတ်ပြန်သည့် လုပ်ငန်းတာဝန်များသည် အလုပ်သမားရေးရာအငြင်းပွားမှုဖျန်ဖြေရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

ဥက္ကဋ္ဌ၊
နေပြည်တော်ကောင်စီ။

**နောက်ဆက်တွဲပုံစံ "က"**

------------------------ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ နေပြည်တော်ကောင်စီ
၂၀ ခုနှစ်၊ လအတွက် အငြင်းပွားမှု မှတ်ပုံတင်စာအုပ်

| အမှတ်စဉ် | အမှုလက်ခံရရှိသည့်နေ့ | တောင်းဆိုသူ | တောင်းဆိုခြင်းခံရသူ | အမှုအမှတ် | အမှုဖျန်ဖြေသည့်နေ့များ | ဆောင်ရွက်ချက်များ | ခုံသမာဓိအဖွဲ့သို့အမှုတွဲပို့သည့်နေ့စွဲနှင့်စာအမှတ် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

အတွင်းရေးမှူး

လက်မှတ် ---------------------------------
အမည် ---------------------------------
ရာထူး/ဌာန ---------------------------------
ရက်စွဲ ---------------------------------

**နောက်ဆက်တွဲပုံစံ "ခ"**

**နေ့စဉ်မှတ်တမ်း**

---------------------------- မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့

----------------------------ရုံး/--------------------------------မြို့

၂၀ ခုနှစ်၊ အငြင်းပွားမှုအမှတ် -----------/-----------------------

----------------------------------- နှင့် -------------------------------

----------------------------------- -------------------------------

| နေ့စွဲ | ဆောင်ရွက်သည့်အမှုကိစ္စများကို မှတ်သားချက် | အမှုကိုရွှေ့ဆိုင်းလိုသည့်ရက်စွဲ |
|---|---|---|
| | | |

အတွင်းရေးမှူး

လက်မှတ်---------------------------------

အမည်-------------------------------------

ရာထူး/ဌာန--------------------------------

ရက်စွဲ-------------------------------------

## နောက်ဆက်တွဲပုံစံ "ဂ"

-------------- မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ နေပြည်တော်ကောင်စီ

၂၀ ခုနှစ်၊ လအတွက် အငြင်းပွားမှု အခြေအနေပြဇယား

| အမှတ်စဉ် | မြို့နယ် | မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်လ | | ယခုလ | | စုစုပေါင်း | ယခင်လအတွင်းဆောင်ရွက်ချက် | | | | | | | | မှတ်ချက် |
| | | | | | | | ဖျန်ဖြေပေးသည့် | | ပိတ်/ရုပ်သိမ်း | | စုစုပေါင်း | လက်ကျန်အမှု | | စုစုပေါင်း | |
| | | တစ်ဦးချင်း | စုပေါင်း | တစ်ဦးချင်း | စုပေါင်း | | တစ်ဦးချင်း | စုပေါင်း | တစ်ဦးချင်း | စုပေါင်း | | တစ်ဦးချင်း | စုပေါင်း | | |
| | | | | | | | | | | | | | | | |

အတွင်းရေးမှူး

လက်မှတ် ----------------------------------

အမည် ----------------------------------

ရာထူး/ဌာန ----------------------------------

ရက်စွဲ ----------------------------------

# ကချင်ပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကချင်ပြည်နယ်သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ကချင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော သဘာဝမြေသြဇာကော်မတီကို ဆိုသည်။

(စ) **သဘာဝမြေသြဇာ**ဆိုသည်မှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြည့်စေပြီး ပြုပြင်စီမံ၍ရရှိသောပစ္စည်းများကိုလည်းကောင်း ဆိုသည်။

(ဆ) **စံချိန်စံညွှန်း**ဆိုသည်မှာ မြေသြဇာတွင် ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သောပစ္စည်းများ၏ အချိုးအစား၊ အရည်အသွေးတို့နှင့်စပ်လျဉ်း၍ သဘာဝမြေသြဇာကော်မတီက စံအဖြစ် သတ်မှတ်ပေးချက်ကို ဆိုသည်။

(ဇ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ သက်ရှိသတ္တဝါ သို့မဟုတ် အပင်ကိုအန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **အရည်အသွေးအာမခံချက်**ဆိုသည်မှာ သဘာဝမြေသြဇာထုတ်လုပ်သူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုလည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းသူ သို့မဟုတ် ပြည်ပသို့ တင်ပို့သူက ပြည်ပနှင့်ချုပ်ဆိုသည့် သဘောတူစာချုပ်ပါ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုလည်းကောင်း ဆိုသည်။

(ည) **အမှတ်တံဆိပ်**ဆိုသည်မှာ သဘာဝမြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့်ပစ္စည်းပေါ်တွင် ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အမှတ်အသားကို ဆိုသည်။

(ဋ) **သဘာဝမြေသြဇာလုပ်ငန်း**ဆိုသည်မှာ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများကို ဆိုသည်။

(ဌ) **သိုလှောင်ခြင်း**ဆိုသည်မှာ သဘာဝမြေသြဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ သိုလှောင်ခြင်းကို ဆိုသည်။

(ဍ) **ဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ လိုင်စင်လျှောက်ထားရယူရန်အလို့ငှာ ကော်မတီက သတ်မှတ်သော အလေးချိန်၊ ပမာဏထက်ကျော်လွန်သည့် သဘာဝမြေသြဇာဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်။

(ဎ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ဏ) **လိုင်စင်**ဆိုသည်မှာ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည် ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(ထ) **ဦးစီးမှူး**ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်သည့် စိုက်ပျိုးရေး ဦးစီးဌာန၏ တာဝန်ခံကို ဆိုသည်။

(ဒ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဝန်ကြီးက ဤဥပဒေပုဒ်မ ၂၂ အရ စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန် ပေးအပ်ခြင်းခံရသည့်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊

(ခ) သဘာဝမြေသြဇာလုပ်ငန်းများကို စနစ်တကျကွပ်ကဲထိန်းသိမ်းနိုင်ရန်၊

(ဂ) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော သဘာဝမြေသြဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊

(ဃ) သင့်လျော်သောသဘာဝမြေသြဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊

(င) သဘာဝမြေသြဇာကို စိုက်ပျိုးသူများ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်၊

(စ) သဘာဝမြေသြဇာကို စနစ်တကျထုတ်လုပ်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသန လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်၊

(ဆ) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် နိုင်ရန်၊

(ဇ) ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာစားသုံးနိုင်စေရေးအတွက် သဘာဝအော်ဂဲနစ်စိုက်ပျိုးရေး ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော သဘာဝမြေသြဇာကော်မတီကို ဖွဲ့စည်းရမည် -

(၁) ဝန်ကြီး ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာပြည်နယ်အဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများ၏တာဝန်ခံများ အဖွဲ့ဝင်

(၃) ကျွမ်းကျင်သူပညာရှင်များ အဖွဲ့ဝင်

(၄) ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော သဘာဝမြေသြဇာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) သဘာဝမြေသြဇာ၏ စံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရယူရန် လိုအပ်သည့် သဘာဝမြေသြဇာအလေးချိန်၊ ပမာဏကို သတ်မှတ်ခြင်း၊

(ဃ) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းရှင်းစေရေး၊ လူနှင့်တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေရေးတို့အတွက် လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ် သက်တမ်းသတ်မှတ်ခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဇ) သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဈ) သဘာဝမြေသြဇာကို စနစ်တကျထုတ်လုပ်သုံးစွဲကြရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) သဘာဝမြေသြဇာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် -

(က) ကော်မတီ၏ အတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်သူပညာရှင်များဖြင့် သဘာဝမြေသြဇာဆိုင်ရာနည်းပညာအဖွဲ့ကို ဖွဲ့စည်းပြီးယင်းအဖွဲ့၏ တာဝန်များကိုသတ်မှတ်ရမည်။

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်ရမည်။

## အခန်း (၅)
## မှတ်ပုံတင်လက်မှတ်

၇။ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည် -

(က) ပုဒ်မ ၇ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ မညီ သဘာဝမြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့အား စစ်ဆေးတင်ပြစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့တို့၏ စစ်ဆေးခြင်းကိုခံယူရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁။ ကော်မတီသည် -

(က) ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၆)
## လိုင်စင်

၁၃။ (က) သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးထံ လျှောက်ထားရမည်။

(ခ) ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၄။ (က) ကော်မတီက သတ်မှတ်သောအလေးချိန်၊ ပမာဏထက်ကျော်လွန်သည့် သဘာဝမြေသြဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးထံ လျှောက်ထားရမည်။

(ခ) ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၅။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့တို့၏ စစ်ဆေးခြင်းကို ခံယူရမည်။

၁၆။ သဘာဝမြေဩဇာကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်းလိုင်စင် ရရှိသူသည် သဘာဝမြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက် များကို ဖော်ပြရမည် -

(က) အမှတ်တံဆိပ်၊

(ခ) သဘာဝမြေဩဇာ၏ အသားတင်အလေးချိန်၊

(ဂ) အရည်အသွေးအာမခံချက်၊

(ဃ) သဘာဝမြေဩဇာတွင်ပါဝင်သော အပင်အာဟာရရာခိုင်နှုန်း၊

(င) သဘာဝမြေဩဇာတွင်ပါဝင်သော ပေါင်းစပ်၊ ရောနှောသည့်ပစ္စည်းများ၏ အမည်နှင့် အချိုးအစား၊

(စ) သုံးစွဲရန်အညွှန်းစာ။

၁၇။ သဘာဝမြေဩဇာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါအချက်များဖော်ပြထားသော သဘာဝမြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူး ရောင်းချခြင်း ပြုရမည်။

၁၈။ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုင်စင်များ၏သက်တမ်းကို သတ်မှတ်ရမည်။

၁၉။ (က) သဘာဝမြေဩဇာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့် ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့် အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးထံ လျှောက်ထားရမည်။

(ခ) ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၀။ (က) သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးထံ လျှောက်ထား ရမည်။

(ခ) ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ သဘာဝမြေသြဇာလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၂၂။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၃။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) တာဝန်ပေးအပ်သည့် နယ်မြေအတွင်းရှိ သဘာဝမြေသြဇာလုပ်ငန်းကို စစ်ဆေးခြင်း၊

(ခ) သဘာဝမြေသြဇာကို စံချိန်စံညွှန်းနှင့် ညီ မညီ စစ်ဆေးရန် သဘာဝမြေသြဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသို့ တင်ပြခြင်း၊

(ဂ) သဘာဝမြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းတွင်သာ သုံးစွဲခြင်း ပြု မပြု စစ်ဆေးခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသို့ တင်ပြခြင်း၊

(င) ကော်မတီက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၄။ စီမံခန့်ခွဲရေးပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုထားသော သဘာဝမြေသြဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သဘာဝမြေသြဇာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၅။ ကော်မတီသည် ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၆။ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသည် အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာလုပ်ငန်းလိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ခ) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်း လိုင်စင်ရရှိသူက ပုဒ်မ ၁၆ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဂ) သဘာဝမြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၇။ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးသည် ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၇ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သဘာဝမြေသြဇာဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၉)
## အယူခံခြင်း

၂၈။ (က) သဘာဝမြေသြဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ အယူခံနိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၉။ (က) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ အယူခံနိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၃၀။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုရ။

၃၁။ မည်သူမျှ လိုင်စင်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၂။ မည်သူမျှ သဘာဝမြေသြဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့်ကိုက်ညီခြင်းမရှိသော သဘာဝမြေသြဇာကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၃။ မည်သူမျှ အဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော သဘာဝမြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၄။ မည်သူမျှ သဘာဝမြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၅။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂ နှင့် ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

၃၇။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသော သဘာဝမြေသြဇာကို စီမံခန့်ခွဲရန် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၈။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် သဘာဝမြေသြဇာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လိုအပ်သော မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၉။ ကော်မတီသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် သဘာဝမြေသြဇာကိုသုံးစွဲခြင်းနှင့် သဘာဝမြေသြဇာလုပ်ငန်းတစ်ခုခုအတွက် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ အခကြေးငွေပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၁။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့်အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးနှင့်အခကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် သက်ဆိုင်ရာဦးစီးမှူးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၄၂။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ ကော်မတီ သို့မဟုတ် ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၃။ သဘာဝမြေသြဇာကို ပြည်တွင်းသို့တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့တင်ပို့ရန်ဖြစ်စေ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရန် လျှောက်ထားလာပါက ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းသည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးနိုင်သည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများတွင် သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် သက်သေခံချက်ဖြစ်စေရမည်။

၄၅။ ဤဥပဒေပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများကို ဤဥပဒေ ပြဋ္ဌာန်းပြီး ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော စည်းမျဉ်း၊ စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဂ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လဂျွန်ငန်ဆိုင်း၊
ဝန်ကြီးချုပ်၊
ကချင်ပြည်နယ်အစိုးရအဖွဲ့။

## ကချင်ပြည်နယ် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်ဆိုင်ရာဥပဒေ
## ( ၂၀၁၄ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကချင်ပြည်နယ် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ကချင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကချင်ပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ကချင်ပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသော အပန်းဖြေစခန်းများ၊ တိရစ္ဆာန် ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်ဆိုင်ရာကော်မတီကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ကချင်ပြည်နယ်သစ်တောဦးစီးဌာနကို ဆိုသည်။

(ဆ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ကချင်ပြည်နယ်သစ်တောဦးစီးဌာန ရုံးဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဇ) **သစ်တောအရာရှိ**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်အကြီးအကဲအဆင့်မှ ညွှန်ကြားရေးမှူးအဆင့်ထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်။

(ဈ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးအဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်။

(ည) **အပန်းဖြေစခန်းများ**ဆိုသည်မှာ သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ အခကြေးငွေယူ၍ အများပြည်သူတို့ စိတ်ချမ်းမြေ့စွာအနားယူအပန်းဖြေနိုင်ရန် နယ်နိမိတ်သတ်မှတ်ပြီး အရိပ်ရအပင်များ၊ နှစ်ရှည်စားသုံးသီးပင်များ၊ ပန်းမန်များ၊ နားနေဆောင်များ၊ အားကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များ၊ ပန်းဥယျာဉ်များနှင့် လှပစွာစိုက်ပျိုးတည်ထောင်ထားသော နေရာများကို ဆိုသည်။

(ဋ) **တိရစ္ဆာန်ဥယျာဉ်**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။

(ဌ) **ရုက္ခဗေဒဥယျာဉ်**ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့်ဥယျာဉ်ကို ဆိုသည်။

(ဍ) **သဘာဝနယ်မြေ**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့်ဒေသများကို အရှည်တည်တံ့ရေး အတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဤဥပဒေအရ သတ်မှတ်သည့်နယ်မြေကို ဆိုသည်။

(ဎ) **တောရိုင်းတိရစ္ဆာန်**ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်းပေါက်ဖွားကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥနှင့်ပိုးလောင်းများကို ဆိုသည်။

(ဏ) **သဘာဝအပင်**ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်းပေါက်ရောက်သော အပင်၊ ချုံနွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှို၊ ရေအောက်ရှိအပင်နှင့် ယင်းတို့၏မျိုးစေ့များကို ဆိုသည်။

(တ) **နေရင်းဒေသ**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်းပေါက်ရောက်ရာနယ်မြေတို့ကို ဆိုသည်။

(ထ) **သစ်တောနယ်မြေ**ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောကို ဆိုသည်။

(ဒ) **မြေလွတ်မြေလပ်**ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကို ဆိုသည်။

(ဓ) **မြေရိုင်း**ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့်တောရိုင်း မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တု

ထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရအဖွဲ့က ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်။

(န) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ကော်မတီကဖွဲ့စည်းပေးထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်၊

(ခ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) သဘာဝသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(ဃ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များ စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) ပြည်သူလူထုအပန်းဖြေ အနားယူလေ့လာနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာဌာနများ၊အဖွဲ့အစည်းများမှကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (ဂ) | သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |
| (ဃ) | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၅။ ပြည်သူ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်သည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ကော်မတီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် ( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

**(လေတပ်ဌာနခွဲ)**

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၂ ရက် )

အမှတ်စဉ် ၂/၂၀၁၄ ။ ။ အောက်ပါ အရာခံဗိုလ်အား တပ်မတော် (လေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (လေ)**

**အုပ်ချုပ်မှုဌာနခွဲ**

(၁) ဖုန်းမြင့် လေ ၄၀၂၄

**(ကြည်းတပ်ဌာနခွဲ)**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက် )

အမှတ် ၆၉/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) ထွန်းမြင့် ကြည်း ၆၇၄၄၃

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက် )

အမှတ် ၂။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ စာအမှတ်၊ ၂၂၁/၈၈/၂၀၁၄/တမ-၂ ကို ညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက်စွဲပါ စာအမှတ်၊ ၆၇၄ (ယ)/၄-နစရ/ဝကရ (၅၅၈) အရ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်မှ အောက်ပါ နည်းပြ/သရုပ်ပြ (၄) ဦးတို့အား ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများ၌ အလုပ်တာဝန်များ စတင် ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ ဌာန/လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး/ ဌာန/လစာနှုန်း |
|---|---|---|
| ၁။ | ဒေါက်တာယဉ်ယဉ်မေ<br>သရုပ်ပြ<br>ဓာတုဗေဒဌာန<br>(၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) | လက်ထောက်ကထိက<br>ဓာတုဗေဒဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၂။ | ဒေါ်ဇာဇာဆွေဇင်<br>နည်းပြ<br>အင်္ဂလိပ်စာဌာန<br>(၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) | လက်ထောက်ကထိက<br>အင်္ဂလိပ်စာဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၃။ | ဒေါ်ခင်ခင်မျိုး<br>နည်းပြ<br>သင်္ချာဌာန<br>(၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) | လက်ထောက်ကထိက<br>သင်္ချာဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၄။ | ဒေါ်ထွေးထွေးအိ<br>နည်းပြ<br>သင်္ချာဌာန<br>(၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) | လက်ထောက်ကထိက<br>သင်္ချာဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက် )

အမှတ် ၃ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၆၈၃ (ယ)/-ထူး/၄-နစရ/ဝကရ (၆၆၁) အရ ကာကွယ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်း ပေးသော ကြည်း-၄၆၈၇၃ ဗိုလ်ကြီးအာကာစိုးအား ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်တွင် ဦးစီးအရာရှိနှင့် လစာနှုန်းတူ လက်ထောက်အင်ဂျင်နီယာ (ရုပ်သံ) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးဖြင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှစ၍ အင်အားတိုးယူပြီး ရုံးချုပ်တွင် တွဲဖက်တာဝန်ချထားလိုက်သည်။

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် ( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ် ၈/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် )

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည် -

| **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|
| ဌာနစုမှူး (၂)/တတိယအတွင်းဝန် | ၅၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၂၅ နှစ် (အခြားဝန်ကြီးဌာနမှဝန်ထမ်းနှင့် မဟာဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက် ၃၀ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဂ) နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ် [မဟာဘွဲ့ (သို့မဟုတ်) ပါရဂူဘွဲ့ ရရှိပြီးသူများဖြစ်ပါက အသက် ၄၀ နှစ်] ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အင်္ဂလိပ်ဘာသာအပြင် အခြားနိုင်ငံခြားဘာသာတစ်ခုခုကို ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ပါက ထိုသို့ကျွမ်းကျင်မှုအတွက် ရရှိသောဘွဲ့ (သို့မဟုတ်) ဒီပလိုမာလက်မှတ်မိတ္တူကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၃-၇-၂၀၁၄ ရက်နေ့

အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၃-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၂၂၁/ရွေးချယ်ရေး (အမိက) ၂၀၁၄ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိ စာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၂၃-၇-၂၀၁၄ ရက်နေ့ အရောက်ပေးပို့ရမည်။

၇။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၁-၁၁-၂၀၁၄ ရက် (စနေနေ့) တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကို ဖြေဆိုချိန် (၂) နာရီစီဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာကို ၂-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) တွင် (၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ) ဖြေဆိုချိန် (၃) နာရီဖြင့်လည်းကောင်း ဖြေဆိုရမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

(ပုံ) ဝေမြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး။

## ရောင်ခြည်ထွန်းတောက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## Yaung Chi Tun Tauk Trading Co., Ltd.

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရောင်ခြည်ထွန်းတောက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Yaung Chi Tun Tauk Trading Co., Ltd.)** အား (၁-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသောင်းအေး B.A, C.P.A (R.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U TIN SHWE
Managing Director
Yaung Chi Tun Tauk Trading Co., Ltd.

ဦးသောင်းအေး
B.A, C.P.A (R.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၂၂)၊ ပထမထပ်၊ ၄၁-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၉၂၉၀၄

## ရောင်ခြည်ထွန်းတောက် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
## Yaung Chi Tun Tauk Mining Co., Ltd.

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရောင်ခြည်ထွန်းတောက် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (Yaung Chi Tun Tauk Mining Co., Ltd.)** အား (၁-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသောင်းအေး B.A, C.P.A (R.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U TIN SHWE
Managing Director
Yaung Chi Tun Tauk Mining Co., Ltd.

ဦးသောင်းအေး
B.A, C.P.A (R.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၂၂)၊ ပထမထပ်၊ ၄၁-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၉၂၉၀၄

## ဆည်တော်အုပ်စု ကုမ္ပဏီလီမိတက်

## SAE TAW GROUP COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ဆည်တော်အုပ်စု ကုမ္ပဏီလီမိတက် (SAE TAW GROUP COMPANY LIMITED)** အား (၉-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်လွင်
မန်နေးဂျင်းဒါရိုက်တာ
ဆည်တော်အုပ်စု ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရိန်းဘိုး အင်ဂျင်နီယာအကြံပေးလုပ်ငန်းလီမိတက်

## RAINBOW ENGINEERING CONSULTANCY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ရိန်းဘိုး အင်ဂျင်နီယာအကြံပေးလုပ်ငန်းလီမိတက် (RAINBOW ENGINEERING CONSULTANCY LIMITED)** အား (၉-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်
မန်နေးဂျင်းဒါရိုက်တာ
ရိန်းဘိုး အင်ဂျင်နီယာအကြံပေးလုပ်ငန်းလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## စိန်ဆည်တော် (၉၉၉) ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

## SEIN SAE TAW (999) TRAVELS & TOURS CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **စိန်ဆည်တော် (၉၉၉) ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် (SEIN SAE TAW (999) TRAVELS & TOURS CO., LTD)** အား (၉-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကေသွယ်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
စိန်ဆည်တော် (၉၉၉) ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## တိမ်လွှာနဂါး ကျောက်မျက်ကုမ္ပဏီလီမိတက်

## TEIN HLWAR NAGAR GEMS CO., LTD.

**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **တိမ်လွှာနဂါး ကျောက်မျက်ကုမ္ပဏီလီမိတက် (TEIN HLWAR NAGAR GEMS CO., LTD.)** အား (၁၇-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးထီးတော်မိုး
Managing Director
TEIN HLWAR NAGAR GEMS CO., LTD.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ဝင်းဝင်းအလင်းရောင် ကုမ္ပဏီလီမိတက်
## WIN WIN LIGHT CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဝင်းဝင်းအလင်းရောင် ကုမ္ပဏီလီမိတက် (WIN WIN LIGHT CO., LTD.)** အား (၁၇-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ သြဂုတ်လ (၂၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကြိုပြောင်း
Managing Director
WIN WIN LIGHT CO., LTD.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၁၈-၇-၂၀၁၄။